ASEAN-JAPAN Cyber SEA Game

## Cyber SEA Game အကြောင်း

ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သော ASEAN-JAPAN Information Security JWG အစည်းအဝေးဆွေးနွေးချက်များအရ ASEAN Cyber Seagameကို၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလပထမအပတ်တွင် Indonesia နိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး ASEAN နိုင်ငံများမှ Cyber Defence ကျွမ်းကျင်သူ (၃) ဦးစီယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ ထို (၃) ဦးအတွက် လေယာဉ်စရိတ်နှင့် နေစရိတ်၊ စားစရိတ်များကိုဂျပန်နိုင်ငံမှ အကုန်ကျခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်သူများရွေးချယ်ရာတွင် JPCERT/cc မှ Problem Set ကိုပေးပို့မည်ဖြစ်ပြီးပြိုင်ပွဲတွင် ရွေးချယ်ပေးရန် JPCERT/cc မှ Expert (၁)ဦးကိုစေလွှတ်ပေးမည်ဖြစ်ပါသည်။ လူရွေးချယ်ရေးကိုရန်ကုန်မြို့တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၈) ရက်မှ (၉) ရက် နေ့အထိပြုလုပ်မည်ဖြစ်ပါသည်။ Cyber Seagameပြိုင်ပွဲတွင် ဆုချီးမြှင့်ခံရသည့် အဖွဲ့သည် ဂျပန်နိုင်ငံသို့ ဖိတ်ခေါ်၍ Security ပိုင်းဆိုင်ရာ Workshop သင်တန်းများပေးမည်ဖြစ်ပါသည်။ အသက်ကန့်သတ်ချက်အနေဖြင့် အသက် ၃၀နှစ်အောက်ဖြစ်ပြီး Cyber Defense ကျွမ်းကျင်သူမည်သူမဆိုယှဉ်ပြိုင်နိုင်ပါသည်။

## ASEAN-JAPAN Cyber SEA Game ကျင်းပရခြင်း၏ရည်ရွယ်ချက်

- ASEAN STATES နိုင်ငံများ၏လူငယ်လူရွယ်များ Cyber Security ပိုင်းဆိုင်ရာအသိအမြင်နှင့် ကျွမ်းကျင်မှုများတိုးတက်လာစေရန်။

## ASEAN-JAPAN Cyber SEA Game တွင် ပါဝင်ရခြင်း၏အကျိုးကျေးဇူးများ

- ကမ္ဘာနှင့်အဝှမ်း Cyber Crime နှင့်ပတ်သက်၍ ခြိမ်းခြောက်မှုများ များပြားလာသည့်အတွက် မြန်မာနိုင်ငံမှ လူငယ်လူရွယ်များ အနေဖြင့် လည်း Cyber Security ပိုင်းဆိုင်ရာလုံခြုံရေး၏ အရေးပါမှုကိုသိရှိလာစေခြင်း
- လူငယ်လူရွယ်များ၏ Cyber Security ပိုင်းဆိုင်ရာကျွမ်းကျင်မှုများတိုးတက်လာခြင်း
- နိုင်ငံတကာ၏ စံသတ်မှတ်ချက်နှင့်အညီ Cyber Security ပိုင်းဆိုင်ရာ ပညာရှင်များ ရွေးချယ်ပေးနိုင်ခြင်း
- နိုင်ငံတကာ၏ စံသတ်မှတ်ချက်နှင့်အညီထုတ်ထားသော Problem Setများကို ဖြေဆိုခြင်းဖြင့် အတွေ့အကြုံကောင်းများရရှိစေခြင်း

**ပြိုင်ပွဲဝင်သူများရွေးချယ်ရန်**

**အပိုင်း(၁)**

အရေအတွက် - ၃ ဦး (အသက် ၃၀နှစ်အောက်)

အချိန်၊ နေရာ- အောက်တိုဘာလပထမအပတ်၊ မြန်မာနိုင်ငံရန်ကုန်မြို့

ရွေးချယ်ပေးမည့်သူ - JPCERT/cc မှ Expert (၁)ဦး

ဖြေဆိုရမည့်မေးခွန်း - JPCERT/cc မှ ထုတ်မည် ဖြစ်ပါသည်။

**အပိုင်း(၂)**

သွားရောက်ယှဉ်ပြိုင်ရမည့်နေရာ - Indonesia နိုင်ငံဂျကာတာမြို့

ယှဉ်ပြိုင်ရမည့်သူများ - ASEAN STATES နိုင်ငံများမှ ကိုယ်စားပြုပြိုင်ပွဲဝင်များ (၃ဦး တစ်ဖွဲ့)

သွားရောက်ယှဉ်ပြိုင်ရမည့်အချိန် - နိုဝင်ဘာလပထမအပတ်

ဆုရရှိပါက JAPAN နိုင်ငံသို့သွားရောက်၍ JAPAN မှ ပေးမည့် Security ပိုင်းဆိုင်ရာ Workshop သင်တန်းများကိုတက်ရောက်ရမည် ဖြစ်သည်။

**ပြိုင်ပွဲကျင်းပမည့် ပုံစံ**

Jeopard ပုံစံဖြင့် မေးခွန်းများအားပဟေဠိပြုလုပ်ထားပြီးရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။ နောက်ဆုံးမေးခွန်းအနေဖြင့် Forensics, Reverse Engineering, CND (Computer Network Defence=Hardening) and Pentestစသည်တို့ကိုဖြေရှင်းရမည် ဖြစ်ပါသည်။အမှတ်အများဆုံးရရှိသည့် အဖွဲ့အားအနိုင်ပေးမည် ဖြစ်ပါသည်။